## ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု အမျိုးသားရေးတွေ့ဆုံရှင်းလင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ရုပ်ရှင်ရုံခန်းမတွင် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကို ၉–၆–၂၀၀၇ရက်၊ နေ့လယ်၁၂နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



တွေ့ဆုံရှင်းလင်းပွဲသို့ အမျိုးသားရေးအင်အားစုများ၊ ပြည်သူများ၊ စာနယ်ဇင်းဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်သဘောတရားအခြေခံမူ၊ လုပ်ငန်းစဉ်၊ စည်းရုံးရေး၊ လက်တွေ့အလုပ်များဖြင့် ၁၉၈၀ပြည့်နှစ်ကပင် ရပ်တည်လာခဲ့ရာ ယခုအခါ ပြည်သူလူထုအတွင်း အမျိုးသားနိုင်ငံရေးမူဝါဒများအား ကျယ်ပြန့်စွာသိရှိ နားလည်သဘောပေါက်စေရန် ရည်ရွယ်ပြီး အမျိုးသားရေး တွေ့ဆုံရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

## ပြည်သူလူထု၏မေးမြန်းမှုအပေါ် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒ လေ့လာရေးကျောင်းတော်သားစု အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော်၏ ဖြေကြားခြင်းမှ ကောက်နုတ်ချက်အချို့

**++ တပ်မတော်အစိုးရအုပ်ချုပ်မှု ဘာကြောင့်တာရှည်နေရသလဲ။**

ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုမပျက်ပြားရေး၊ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာဖို့ အခြေခံလိုအပ်ချက်တွေ တည်ဆောက်နိုင်ရေး၊ ပြည်ပက အချုပ်အခြာအာဏာကိုဝင်ရောက်စွက်ဖက်စော်ကားမှုအန္တရာယ်က ကာကွယ်နိုင်ရေး၊ ငြိမ်းချမ်းချောမွေ့စွာ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်နေရမှု အပေါ်မှာ မူတည်ပါတယ်။

**++ ဒေါ်အောင်ဆန်းစုကြည်ကို သက်တမ်းထပ်တိုးတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေးကို ပြည်တွင်းပြည်ပအင်အားစုတချို့ကတောင်းဆိုပါတယ်။ အဲဒီသူတွေဟာဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထားပြောင်းလဲရေးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တစ်ဖက်သတ်ထောက်ခံပြီး၊ မြန်မာပြည်သူတွေအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုစီးပွားရေးပိတ်ဆို့မှုတွေ ရပ်ဆိုင်းဖို့ကိုလည်းတောင်းဆို သင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးတစ်ခုတည်းကိုသာ တောင်းဆိုနေမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်က ဆန့်ကျင်အုံကြွမှု ဖန်တီးလိုက်၊ ပြန်ထိန်းသိမ်းလိုက်ဖြစ်နေမယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆန့်ကျင်ရင်အစိုးရက လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်က

အစိုးရအပေါ် သဘောထားမှန်ဖို့က အဓိကကျပါတယ်။ အခုလို ပြည်တွင်းကအင်အားစုတွေကို ပြည်ပက သွေးထိုးအားပေးနေသရွေ့ လွပ်လပ်ခွင့်တွေကို တစ်စုံတစ်ရာ ထိန်းကျောင်းနေရမှာပါပဲ။

**✦✦ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုက အနောက်အုပ်စု ဆန့်ကျင်ရေးကို အဓိကလုပ်နေတာဟာ တက်မတော်အစိုးရ အလိုကျလုပ်နေတာလား။**

အမေရိကန်နဲ့ အနောက်နိုင်ငံတွေ အပေါ်ဝေဖန်တာဟာကျင့်သုံးတဲ့ စနစ်ကိုဝေဖန်တာဖြစ်တယ်။ တပ်မတော်အစိုးရဘက်က ရပ်တည်ဝေဖန်တာ မဟုတ်ဘူး။ အဲဒီလိုထင်မြင်သူတွေဟာ မြေရှင်နဲ့ အရင်းရှင်စနစ်ကို မခွဲခြားနိုင်သူတွေ၊ နိုင်ငံရေးဘောဂဗေဒအမြင်မရှိသူတွေ၊ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းအပါတွေ လုပ်သမျှအကြွင်းမဲ့ထောက်ခံနေသူတွေသာ ဖြစ်ပါလိမ့်မယ်။

**✦✦ အခုအဖွဲ့အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပြီးရင် ပါတီထောင်ပြီးရွေးကောက်ပွဲဝင်ဖို့ အစီအစဉ် ရှိသလား။**

ကျွန်တော်တို့အဖွဲ့ဝင်ကိုယ်စားလှယ် စုံညီ ညီလာခံတစ်ခုခေါ်ပြီး ပါတီထောင် သင့်၊ မသင့်ဆုံးဖြတ် မှာပါ။ ပါတီထောင်ဖြစ်ရင်ထောင်မယ်။ မထောင်ဖြစ်ရင် လက်ရှိမူဝါဒသုတေသနလုပ်ငန်းအဖြစ်နဲ့ ကျယ်ကျယ် ပြန့်ပြန့်ရပ်တည်သွားဖို့ ရည်ရွယ်ထားပါတယ်။